(၆) **စပါးမှိုသီးရောဂါ (False Smut)**

**ရောဂါဖြစ်စေသောသက်ရှိ - *Ustilaginoidea virens* (Cke.) Tak. (1896)**

**ရောဂါလက္ခဏာများ**

စပါးနှံ၊ စပါးစေ့များတွင်အစိမ်း ရောင်၊ စိမ်းဝါရောင်မှိုအစုအခဲများဖုံးအုပ်ပြီး မှိုသီးများ အဖြစ် တွေ့ရသည်။ မှိုသီးများကြောင့် စပါးစေ့များသည်ပုံမှန်ထက် ၂ဆခန့် ကြီးမားနေ သည် ဟု ထင်ရ သည်။





**ကာကွယ်နှိမ်နင်းနည်းများ**

- ရောဂါကျစိုက်ခင်းမှမျိုးစေ့ကို ပြန်မသုံးပါ နှင့် ။
- မျိုးစေ့ကို မှိုသတ်ဆေးတစ်မျိုးမျိုးဖြင့်လူးနယ်ပြီးမှစိုက် ပါ ။
- ရောဂါကျစိုက်ခင်းဖြစ်ပါက ဖုံးတုံးလုံးတုံးချိန်မတိုင်မီ (သို့) အနှံမ ထွက်မီရက်အနည်း ငယ်အလိုတွင် ကြိုတင်ကာကွယ်ရန် ပင်လုံးပြန့် အာနိသင် ရှိ သောအောက်ပါ မှိုသတ် ဆေး များကို ပက်ဖျန်းပါ။
    - Propiconazole (ပရိုပီကိုနာဇိုး)
    - Azoxystrobin (အဇိုဆီစထရိုဘင်)
    - Difenoconazole (ဒီဖီနိုကိုနာဇိုး)
    - Copper Oxychloride (ကော့ပါးအောက်ဆီကလိုရိုဒ်)